အကြင်သူတို့သည် ၎င်းတို့ထဲမှ သူတော်စင်

ကျေးကျွန်တစ်ဦး သို့မဟုတ် သူတော်ကောင်းတစ်ဦး

ကွယ်လွန်ခဲ့လျှင် ထိုသူ၏ ကဗရ်သင်္ချိုင်းပေါ်တွင်ဘုရားကျောင်းဆောက်လုပ်ခဲ့ကြပြီး

မုအ်မင်န်တို့၏ မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။
အုမ္မုစလမဟ် (ရဿွိယလ္လာဟုအန်ဟာ)သည် အီသီယိုးပီးယားနိုင်ငံတွင် သူမ
မြင်တွေ့ခဲ့သည့် ‘မာရီယာ’ဟုခေါ်သော နဆွ်ရာနီ ဘုရားကျောင်းအကြောင်းကို
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား
တင်ပြခဲ့သည်။ ထို့ပြင် ထိုကျောင်းထဲ၌ သူမ မြင်တွေ့ခဲ့ရသည့်
ရုပ်ပုံများအကြောင်းကိုလည်း ကိုယ်တော့်အား တင်ပြခဲ့သည်။ ထိုအခါ
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကမိန့်တော်မူသည်မှာ- အကြင်သူတို့သည် ၎င်းတို့ထဲမှ သူတော်စင် ကျေးကျွန်တစ်ဦး
သို့မဟုတ် သူတော်ကောင်းတစ်ဦး ကွယ်လွန်ခဲ့လျှင် ထိုသူ၏ ကဗရ်သင်္ချိုင်းပေါ်တွင်
ဘုရားကျောင်းဆောက်လုပ်ခဲ့ကြပြီး ၎င်းသူ၏ ရုပ်ပုံများကို ကျောင်းထဲတွင်
ရေးဆွဲခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်၌
အဖန်ဆင်းခံများအနက် အဆိုးယုတ်ဆုံးသူများပင်ဖြစ်ကြသည်။
[صحيح] [متفق عليه]

မုအ်မင်န်တို့၏ မိခင်ကြီး အုမ္မုစလမဟ် (ရဿွိယလ္လာဟုအန်ဟာ)သည် သူမအီသီယိုးပီးယားနိုင်ငံတွင် ရှိနေစဉ် ရုပ်ပုံများ၊ အလှတန်ဆာများ၊ ပုံများပါရှိသော ‘မာရီယာ’ဟုခေါ်သော နဆွ်ရာနီ ဘုရားကျောင်းတစ်ခုကို မြင်တွေ့ခဲ့ပြီး အံဩခဲ့ရကြောင်းကိုတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ပြောပြခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ထိုသို့ရုပ်ပုံများထားသည့် အကြောင်းအရင်းကိုရှင်းပြတော်မူသည်မှာ အသင်မပြောပြခဲ့သော သူများသည် ၎င်းတို့ထဲမှ သူတော်စဥ်တစ်ဦးကွယ်လွန်သွားလျှင် ထိုသူ၏ ကဗရ်သင်္ချိုင်း၌ မတ်စ်ဂျစ်ဒ်ဝတ်ကျောင်းတော်ဆောက်လုပ်ကြကာ ဆွလာသ်ဝတ်ပြုကြပြီး ထိုကဲ့သို့ရုပ်ပုံများကိုရေးဆွဲခဲ့ကြသည်။ ထို့နောက် ကိုယ်တော်က ထိုလုပ်ရပ်သည် ‘ရှိရ်က်’ ယှဉ်တွဲကိုးကွယ်မှုသို့ ရောက်ရှိစေသည့်အတွက် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်၌အဖန်ဆင်းခံများအနက် အဆိုးယုတ်ဆုံးသူများပင်ဖြစ်ကြောင်း ရှင်းပြတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/10887